# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၅) ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉–၈–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး၊ ပိုလ်တထောင် မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ အပေါ် မြန်မာနိုင်ငံကူးလက်မှတ် လွတ်လပ်စွာ လျှောက်ထားရယူခြင်းနှင့် ခရီးသွားလာခြင်း ကန့်သတ်ခဲ့ခြင်းများအား ယခုအချိန်တွင် တရားဝင် ခွင့်ရက်ခံစားပြီး နိုင်ငံရပ်ခြားသို့ သွားလာလည်ပတ်ခွင့်ကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၏ **အလုံမြို့နယ်ရှိ မီးရထားလမ်းဟောင်းအား ဆက်လက်အသုံးပြုရန်နှင့် မီးရထားလမ်းဟောင်းမြေအား တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ကျေးငှက်များ သဘာဝအလျောက် လွတ်လပ်အန္တရာယ်ကင်းစွာနေထိုင်ကျက်စား အသက်ရှင်ရပ်တည်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကောင်းမွန်စေရေး၊ ကျေးငှက်များကို အဆိပ်ချဖမ်းဆီးမှုများမပြုလုပ်နိုင်ရေး၊ နိုင်ငံအတွင်းရှိ ရေကန်၊ ရေအိုင်၊ အင်းများသို့ အဆိပ်သင့် ရေဆိုးများမဝင်လာစေရေးတို့အတွက် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကန်ပက်လက်မြို့နယ်ရှိ ခေါနူးစုမ် အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပမှ ခရီးသွားများ စည်းကမ်းတကျ အပန်းဖြေသွားလာရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ ကျေးရွာများတွင် အိမ်ခြံ၊ မြေကွက်များအတွက် မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **တောင်သူများ၏ ကျွဲ၊ နွားများ အတွက် လိုအပ်နေသော နွားစားကျက် မြက်ခင်းများကို ပိုင်ဆိုင်မှု ပုံစံ (၇) ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လက်ရှိအသုံးမပြုသော၊ အသုံးပြုရန် မလိုအပ်တော့သော၊ ရှေ့ဆက် အသုံးပြုရန် အစီအစဉ်မရှိသော မြေနှင့်အဆောက်အဦများ၊ နိုင်ငံတော် အတွက် အရှုံးပြနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေသော စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုနေသော မြေများကို နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် လိုအပ်နေသော ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးနိုင်ရေး (မူဝါဒ) လုပ်ငန်းစဉ်တစ်ခု ချမှတ်ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်က **" နိုင်ငံအဝန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖော်ဆောင်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားရန် နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနကို ခရိုင်၊ မြို့နယ်အဆင့်ထိ စနစ်တကျ တိုးချဲ့ဖွဲ့စည်းပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များ အောင်မြင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။